**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ (၁၅-၆-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁။ | **ဦးခင်မောင်ဌေး၊ ပျဉ်းမနားမဲဆန္ဒနယ်က** တောင်ပေါ်ဒေသခံ တိုင်းရင်းသား တောင်သူများ စိုက်ပျိုးကြသည့် ကော်ဖီနှင့်လက်ဖက် စိုက်ခင်းများအား စီမံချက်ချမှတ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁)တွင် ပြည့်စုံစွာဖြည့်စွက်၍ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားလာပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ကိုက်ညီပါက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်က** မြန်အောင်မြို့နယ်၊ အင်ပင်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး သိပ္ပံ/ကောလိပ် ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ကျောင်းများ အလုံအလောက်ရှိသည့်အတွက် ဖွင့်လှစ်ပေးရန်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ်က** ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့နယ်တို့အား ဆက်သွယ်ထားသည့် မဟာဗျူဟာလမ်းမကြီး လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ခင်ဦးမြို့နယ်အတွင်း လှုပ်ရှားနေသည့် အကြမ်းဖက် PDF အဖွဲ့ အခြေပြုနေရာများ ဖော်ထုတ်ရန် သတင်းရယူတည်ဆောက်ခြင်းနှင့် နယ်မြေရှင်းလင်းခြင်းများကို တပ်မတော်နှင့် ပူးပေါင်းပြီး တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးဝင်းနိုင်၊ မြင်းမူမဲဆန္ဒနယ်က** မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝင်းအတွင်း ၄ ခန်းတွဲ၊ ၄ ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားတင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်က** တရားမဝင်ယစ်မျိုးလိုင်စင်များကို မည်ကဲ့သို့ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** တရားမဝင်ယစ်မျိုးလိုင်စင်များမရှိစေရေး ခရိုင်မြို့နယ်အဖွဲ့မှ ပုံမှန်ကွင်းဆင်း စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ရောင်းချခြင်းများကို တိုင်ကြားမှုများရှိပါက စိစစ်ကြပ်မတ်ရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးအောင်မြင့်သန်း၊ ကျောက်ဆည်မဲဆန္ဒနယ်** ကျောက်ဆည်မြို့ပေါ် (၁၀)ရပ်ကွက်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်ကျေးရွာများအား မြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** မြို့မြေတိုးချဲ့ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာကျေးရွာများမှ တင်ပြချက်အပေါ် မြို့နယ်အထွေထွေ ဦးစီးဌာနက အမှုတွဲတည်ဆောက်ပြီး အဆင့်ဆင့်ထောက်ခံချက်ရယူ၍ နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပြီး မြို့မြေအဖြစ် လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇။ | **ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်က** ကလေးမြို့နယ်၊ ပြည်သူ့ဆေးရုံကို ခုတင် ၅၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန်နှင့် ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ဆရာဝန်ကြီးနှင့် ခါတ်မှန်ကျွမ်းကျင်အဆင့် (၂)တို့အား ခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ဆေးရုံခုတင် အသုံးပြုမှု ရာခိုင်နှုန်းပြည့်မီပါက အဆင့်တိုးမြှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ဆေးရုံသုံးပစ္စည်းများကိုထောက်ပံ့ပေးပြီး ခွဲစိတ်အထူးကု ဆရာဝန် (၂)ဦးအား အလှည့်ကျလေ့ကျင့်ပေးလျက်ရှိပါကြောင်းနှင့် ဓါတ်မှန်ကျွမ်းကျင်ကိုလည်း ယခုနှစ်တွင် ခန့်ထားပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်က** လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းထားပေးပါရန် လက်ထောက်ဆရာဝန်တစ်ဦး အမြန်ဆုံး ခန့်အပ်ပေးပါရန်နှင့် မွေးလူနာအဆောင် သီးသန့်တစ်ဆောင် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ဆေးရုံတက်ရောက်သည့် ပျှမ်းမျှလူနာဦးရေ သတ်မှတ်ချက်ကျော်လွန်မှသာ ဦးစားပေးအစီအစဉ်ဖြင့် အဆင့်တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် လက်ထောက်ဆရာဝန်တစ်ဦးခန့်ထားပေးမည်ဖြစ်ကြောင်းနှင့် လက်ရှိအသုံးပြုနေသည့် သင်တန်းခန်းမအား မွေးလူနာသီးသန့်အဆောင်အဖြစ် အသုံးပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၉။ | **ဦးသန်းအေး၊ ကျောက်ဖြူမဲဆန္ဒနယ်က** ကျောက်ဖြူမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် အရေးတကြီးလိုအပ်နေသည့် ဆေးဝါးများနှင့် ဆရာဝန်၊ ဝန်ထမ်းများအား ဆောလျင်စွာ စေလွှတ်ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ဆေးဝါးများဝယ်ယူရေးအတွက် ယခု ဘဏ္ဍာနှစ်တွင် ကျပ် ၂၀ သန်း ခွဲဝေချထား၍ အရေးတကြီးလိုအပ်သည့် ဆေးဝါးများကို ဖြည့်ဆည်းလျက်ရှိပါကြောင်းနှင့် ဆရာဝန်နှင့် ဝန်ထမ်းများခန့်ထားပြီး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က** ထန်းတပင်မြို့နယ်၊ ညောင်ရိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ညောင်ရိုးကျေးရွာနှင့် ၆ ဖာလုံကွာဝေးသည့် ထိုးနာရီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေးဝန်ထမ်းများမှ ညောင်ရိုးကျေးရွာ ပြည်သူများကို တစ်ပတ်လျှင်တစ်ကြိမ် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် လတ်တလော လိုအပ်မှုမရှိသေးပါကြောင်း ဖြေကြားပါသည်။ |